မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၂ ] ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်) } သောကြာနေ့ [ အတွဲ ၇၈

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

[ ယခင်အပတ်မှ အဆက် ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)**

**၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်**

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်–

၁၂၃၆။ ဒေါ်စမ်းစမ်းမော်၊ မူလတန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း–တောရ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၇။ ဒေါ်သဇင်စိုး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဘိုးတီလွတ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၈။ ဦးစန်းဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဘိုးတီလွတ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၉။ ဒေါ်ငွေငွေဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆင်မဝဲချောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄၀။ ဒေါ်အမာချို၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း–တုံးလုံ့ရွာမ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄၁။ ဒေါ်တင်တင်ဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း–ရေကျော်ဝ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄၂။ ဒေါ်မြင့်မြင့်ပြုံး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း–ကျွန်းခယ်မ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄၃။ ဒေါ်ခင်သန်းမိုး၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–နတ်မင်းကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄၄။ ဒေါ်နီနီငွေ၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–နတ်မင်းကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၄၅။ ဒေါ်ကျင်ဆွေ၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–နေရှင်နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၄၆။ ဒေါ်စုစုမော်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–နေရှင်နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၄၇။ ဒေါ်ခင်ဝင်းအေး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–ချမ်းမြေ့သာယာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၄၈။ ဒေါ်ခင်သီတာ၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–ချမ်းမြေ့သာယာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၄၉။ ဒေါ်တင့်တင့်ခိုင်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–ချမ်းမြေ့သာယာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၀။ ဒေါ်စန်းစန်းညွန့်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–ချမ်းမြေ့သာယာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၁။ ဒေါ်အေးအေးမြင့်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–ဖဆပလ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၂။ ဒေါ်သန်းသန်းထွေး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–သူဌေးကုန်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၃။ ဒေါ်သိင်္ဂီကျော်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–ဇီးဖြူကုန်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၄။ ဒေါ်စန်းစန်းအေး၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း–မယ်တလိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၅။ နန့်ဘွားဂီ၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–မယ်တလိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၆။ ဒေါ်စန်း၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း–မယ်တလိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၇။ ဦးဉာဏ်ဝင်း၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်းကျောင်း–မယ်တလိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၁၂၃၅၈။ ဒေါက်တာကျော်လွင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်ပညာရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၅၉။ ဦးစိန်လှိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်ပညာရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၀။ ဦးထန်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ နေပြည်တော်ပညာရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၁။ ဦးမျိုးမင်းအောင်၊ ဒုတိယဦးစီးမှူး၊ နေပြည်တော်ပညာရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၂။ ဦးကျော်ကျော်ထက်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၃။ ဒေါ်ဝင်း၊ သန့်ရှင်းရေးအကူ၊ အခြေခံပညာအလယ်တန်းကျောင်း–မကျည်းကုန်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၄။ ဒေါ်ဝေဝေ(ခ)ဒေါ်ဝေ၊ လုပ်သား(အထွေထွေ)၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း–ဒိုးနွယ်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၅။ ဦးအောင်မြင့်သိန်း၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း–ကျောက်ခဲအင်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၁၂၃၆၆။ ဒေါ်ခင်မာနွယ်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၃၆၇။ ဒေါ်သွဲ့သွဲ့မြင့်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၃၆၈။ ဒေါ်ရီရီဝင်း၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အေလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၃၆၉။ ဒေါ်သန်းသန်းလှ၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–အေလာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၃၇၀။ ဒေါ်ကေသီစန်း၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–သာဝတ္ထိ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၃၇၁။ ဒေါ်စန်း၊ မူလတန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း–သာဝတ္ထိ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၂။ ဒေါ်စန်းစန်းမြင့်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-သစ်ပုတ်ပင်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၃။ ဒေါ်မိုင်သီတာသန်း၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-သစ်ပုတ်ပင်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၄။ ဒေါ်မြမြဝင်း၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-သစ်ပုတ်ပင်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၅။ ဒေါ်အေးအေးဖံ၊ အထက်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း-ပျံချီ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၆။ ဒေါ်စိုးစိုးသန်း၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ပျံချီ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၇။ ဦးဇော်မင်းသက်၊ အလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း-ပျံချီ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၈။ ဦးသက်နိုင်ဦး၊ အလယ်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ချောင်းခွကြီး၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၇၉။ ဒေါ်သီတာအေး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအလယ်တန်းကျောင်း-အင်ပု၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၀။ ဦးတင်သိန်းဝင်း၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-တည်တောင်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၁။ ဦးလှဟန်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-ပြောင်ခေါင်းလေး၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၂။ ဒေါ်မိုးမိုး၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-မြို့သစ်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၃။ ဒေါ်ခင်မိုးလှိုင်၊ ဒုတိယမူလတန်းပြ၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-နောင်ဘို၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၄။ ဒေါ်အေးအေး၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-သရက်ခုန်(အနောက်)၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၅။ ဒေါ်ထားထားရည်၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-သရက်ခုန်(အနောက်)၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၆။ ဒေါ်သီသီဝင်း၊ မူလတန်းပြ၊ အခြေခံပညာမူလတန်းကျောင်း-ရုံးတော၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၇။ ဒေါ်အေးအေးအောင်၊ မူလတန်းကျောင်းအုပ်၊ အခြေခံပညာမူလတန်းကျောင်း-ကုန်းသာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၁၂၁၈၈။ ဒေါ်ငွေးဝင်း၊ ဦးစီးအရာရှိ၊ ခရိုင်ပညာရေးမှူးရုံး၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်

၁၂၁၈၉။ ဒေါ်ခင်မော်ကြည်၊ အလယ်တန်းပြ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၀။ ဒေါ်နီလာလွင်၊ အလယ်တန်းပြ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၁။ ဒေါ်နိုင်နိုင်ကျော်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၂။ ဒေါ်ယဉ်မွန်သက်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၃။ ဒေါ်ဝါဝါခိုင်ထွဋ်၊ အလယ်တန်းပြ၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၄။ ဒေါ်စံပါယ်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၁၂၁၉၅။ ဒေါ်စိုးစိုးဝင်း၊ အထက်တန်းကျောင်းအုပ်၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင်စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံတစ်ပုံတွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## အမိန့်အမှတ် (၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

## လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကိုကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ် ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ (ခ) နှင့် ရာဇဝတ်ကြီးအမှုအမှတ် ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (၁) တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာ အေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ဦးတည်ချက်များကို အစဉ်တစိုက်မပိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ပါ လုပ်ငန်းနယ်ပယ် (၁၂) ရပ်အား သက်ဆိုင်ရာဦးစားပေးကဏ္ဍအလိုက် ထိထိရောက်ရောက် အကောင်အထည်ဖော်ရာတွင် လုပ်ငန်းကော်မတီများကို ကြီးကြပ်လမ်းညွှန်မှုပြုနိုင်ရန် အတွက် **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ (၁)
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ (၂)
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်　　အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး　　အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

| | | |
|---|---|---|
| ( ဍ ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| ( ပ ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( ဗ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ( မ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း | အဖွဲ့ဝင် |
| (ယ) | ဥက္ကဋ္ဌ<br>မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း | အဖွဲ့ဝင် |
| ( ရ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဝ ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း)<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်စေရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအားအခြေခံ၍ မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းကော်မတီများကို လိုအပ်သော လမ်းညွှန်ချက်များ ချမှတ်ပေးရမည်။

( ခ ) မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လုပ်ငန်းကော်မတီများအားလုံး တစ်ပြေးညီ ဖြစ်စေရေးအတွက် မူဘောင်ချမှတ်ပေးရမည်။

( ဂ ) မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် မိမိတို့သက်ဆိုင်ရာဌာနများ၏ မူဝါဒများ၊ စီမံကိန်းများနှင့် ချိတ်ဆက်၍ ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေး သေချာစေရန် ဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ကျား၊ မ ဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်။

( င ) သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများအချိန်မီပြီးမြောက်ရေး Timeline သတ်မှတ်ပေးရမည်။

( စ ) လုပ်ငန်းကော်မတီများမှ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စိစစ်အတည်ပြုပေးခြင်း ဆောင်ရွက်ရမည်။

၃။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီသည် လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၁၂) ရပ်မှ (၂) နှစ် (၁) ကြိမ် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်မှု အစီရင်ခံစာများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၃၂) စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းအစီရင်ခံစာများအပေါ် ကြီးကြပ်လမ်းညွှန်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၄။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကျယ်ပြန့်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| ( ခ ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ပ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဗ) | အမျိုးသမီးအရေးကို ဦးဆောင်နေသော လူမှုရေးအဖွဲ့အစည်းများမှ<br>(၁၅) ဦးထက်မပိုသော ဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံအပါအဝင် အမျိုးသမီးများဘဝတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလုပ်ငန်းစဉ်မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများချမှတ်ခြင်း၊

(ခ) ချမှတ်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အရင်းအမြစ်များရရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီ၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာအမျိုးသမီးကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) ဒေသဆိုင်ရာအမျိုးသမီးကော်မတီအဆင့်ဆင့်၏ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(င) အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ လိုအပ်သလိုပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း။

၃။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအတွက် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |

(ဍ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဎ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်
စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(န) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လက်နက်ကိုင်ပဋိပက္ခအတွင်း ကြီးလေးသောကျူးလွန်မှုများ မဖြစ်ပွားစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအား အသိပညာပေးမှုများ၊ ကြိုတင်ကာကွယ်သည့်သင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ခ) ကြီးလေးသောကျူးလွန်မှု (၆) ရပ်အနက် တစ်ရပ်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့များသို့ အသက်မပြည့်သေးဘဲ စုဆောင်းခြင်းမှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းထားသည့် ‘‘အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ’’ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အကြမ်းဖက်ခြင်းခံရသည့် ကလေးသူငယ်များအတွက် ဆေးကုသမှု၊ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု၊ ဥပဒေရေးရာပံ့ပိုးမှုနှင့် ၎င်းတို့၏ ဘဝရပ်တည်နေထိုင်မှုတို့အတွက် ထောက်ပံ့မှုများပေးရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF၊ UNDP အဖွဲ့အစည်းများ အပါအဝင် UNCTFMR နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) ဒေသတွင်းရှိ သက်ဆိုင်ရာ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမရှိစေရန် သတ်မှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စောင့်ကြည့်ဆောင်ရွက်ရန်၊

( စ ) ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှဦးဆောင်၍ ကော်မတီ၏ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) ကော်မတီအနေဖြင့် အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များမှ သွေဖည်ဖောက်ဖျက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာ အရပ်ဘက်၊ စစ်ဘက်ဌာနများသို့ ညှိနှိုင်းအသိပေးပြီး စိစစ်၍ လိုအပ်ပါက အချိန်မီပြုပြင်ဆောင်ရွက်ရန်၊

( ဇ ) အဆိုပါ ကျူးလွန်မှုများဖြစ်ပွားပါက တည်ဆဲသက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန်၊

(ဈ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့် ပတ်သက်သည့် ပြစ်မှုများတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်၊

(ည) ကော်မတီအဖွဲ့ဝင်များကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက် ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်။

၃။ “မူ” အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ‘‘လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ” ၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ခ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

( ဂ ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဌာနမှူး<br>စစ်မဟာဗျူဟာလေ့လာရေးဌာန<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | လက်ထောက်စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ည) | ရဲမှူးကြီး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဌာနခွဲမှူး<br>စည်းမျဉ်းနှင့် ဥပဒေပြုစုရေးဌာနမှူးရုံး<br>စစ်ရေးချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယအထွေထွေအတွင်းရေးမှူး<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |

( ဒ ) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ပြန်ကြားရေးဝန်ကြီးဌာန

( ဓ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကချမှတ်ပေးသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမဖြစ်ပွားစေရေး အသိပညာပေးလုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနိုင်ငံအဆင့် စောင့်ကြည့်ရေးနှင့် အစီရင်ခံတင်ပြရေးဆိုင်ရာ အထူးတာဝန်အဖွဲ့ (UNCTFMR) နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဂ ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဆောင်ရွက်ချက်များကို မီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် သတင်းမီဒီယာများ အသုံးပြုဆောင်ရွက်ရန်၊

(ဃ) သေကျေထိခိုက်ဒဏ်ရာရရှိစေမှုနှင့် လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရသော ကလေးသူငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်လူမှုကူညီပံ့ပိုးမှု၊ စီးပွားရေး၊ လူမှုရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေများအား ပြည်သူလူထုသိရှိစေရန် အများပြည်သူဆိုင်ရာနေရာများ၊ အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အဦများ စသည့်နေရာများတွင် အသိပေးလှုံ့ဆော်ရန်နှင့် ဆရာဖြစ်သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ရန်၊

( စ ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်စေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများအား ဟန့်တားကာကွယ်နိုင်ရေး အသိပညာပေးရန်အတွက် ဆိုင်းဘုတ် (Billboard) အား မြန်မာဘာသာစကားနှင့် တိုင်းရင်းသားဘာသာစကားတို့ဖြင့် စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များအား မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားများဖြင့် ပြုစုဖြန့်ဝေခြင်းတို့ဆောင်ရွက်ရန်၊

(ဆ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့် ညွှန်ကြားချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အပြည့်အဝလိုက်နာရေး ကုလသမဂ္ဂနိုင်ငံအဆင့် စောင့်ကြည့်ရေးနှင့် အစီရင်ခံတင်ပြရေးဆိုင်ရာ အထူးတာဝန်အဖွဲ့ (UNCTFMR) နှင့်ပူးပေါင်း၍ သင်တန်းပေးရန်၊

( ဇ ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီမှ ချမှတ်ထားသည့် မူဝါဒများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဈ) အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တိုင်ကြားမှုအမျိုးအစားအလိုက် ဖြေရှင်းဆောင်ရွက်မှုများအပေါ် သတ်မှတ်ထားသည့် ဥပဒေ၊ အမိန့်/ညွှန်ကြားချက်များနှင့် ညီ မညီ စောင့်ကြည့်စစ်ဆေးအကဲဖြတ်ရန်၊

(ည) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် စွပ်စွဲချက်များ၊ သတင်းဖော်ပြချက်များကို စိစစ်သုံးသပ်ပြီး သတ်မှတ်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ စောင့်ကြည့်တင်ပြရန်၊

( ဋ ) သက်ဆိုင်ရာဝန်ကြီးဌာနများ၊အဖွဲ့အစည်းများ၊လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် ညွှန်းကိန်း (Indicator)၊ ရလဒ် (Result)၊ စစ်ဆေးရမည့်အချက် (Check Point) များအား ရေးဆွဲခြင်းနှင့် ဖော်ပြပါအချက်များနှင့်အညီ ဆန်းစစ်ရန်၊

( ဌ ) အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား၏ လုပ်ငန်းဆောင်ရွက်မှုအား အခါအားလျော်စွာ လေ့လာဆန်းစစ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ ပြင်ဆင်နိုင်ရေးတင်ပြရန်၊

( ဍ ) လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်း၊ သင်တန်းပို့ချခြင်းများကို လေ့လာသုံးသပ်ခြင်းနှင့် လိုအပ်ပါက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန်၊

( ဎ ) ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာနောက်ဆက်တွဲပါစာရင်းမှပယ်ဖျက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု အတွေ့အကြုံများကိုအခြေခံ၍ ကုလသမဂ္ဂနှင့် ပူးတွဲလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရေးအတွက် တစ်ဆင့်တက်လှမ်းရန် ဖြစ်နိုင်ခြေနည်းလမ်းများကို လေ့လာပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ အခြေအနေတင်ပြရန်၊

(တ) လုပ်ငန်းဆောင်ရွက်မှုများအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ (၆) လတစ်ကြိမ် အစီရင်ခံတင်ပြရန်။

၃။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအား လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီသို့ ပုံမှန်တင်ပြရန်နှင့် ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စရပ်များအား တင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

### နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံ့ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များတွင် အငှားအိမ်ရာများ တည်ဆောက်သွားရန် **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၂) နေပြည်တော်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်ဝန် မန္တလေးမြို့တော်ဝန်/အဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) — အဖွဲ့ဝင်

(၃) အမြဲတမ်းအတွင်းဝန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူးချုပ် ဗဟိုစာရင်းအင်းအဖွဲ့ — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဥက္ကဋ္ဌ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် — အဖွဲ့ဝင်

(၉) ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၀) ဒုတိယအမြဲတမ်းအတွင်းဝန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

( ခ ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံ့ဝန်ထမ်းများအတွက် အငှားအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာရရှိရေးနှင့် မြေနေရာအား အတည်ပြုရွေးချယ်ခြင်း၊

(၂) ဒေသအလိုက်ဆောက်လုပ်မည့် အငှားအိမ်ရာပုံစံများ အတည်ပြုရွေးချယ်ခြင်း၊

(၃) အငှားအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချထားနိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသော ဝန်ထမ်းများအနေဖြင့် လစဉ်ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်ခွင့်ရရှိစေရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၅) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ Infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီး သွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်ရှိသည့်ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားခြင်း၊

(၆) နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် အငှားအိမ်ရာများ စဉ်ဆက်မပြတ်အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက် ခြင်းနှင့် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

**( ဂ ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

(၁) နေပြည်တော်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်ဝန် မန္တလေးမြို့တော်ဝန်/အဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) — ဥက္ကဋ္ဌ

| | | |
|---|---|---|
| (၂) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်ရုံး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး/ပြည်နယ်<br>ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>ပုဂ္ဂလိကဘဏ် | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံ<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၁) | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အငှားအိမ်ရာများဆောက်လုပ်ရန် သင့်လျော်ကောင်းမွန်သည့် မြေနေရာရရှိရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများနှင့် ညှိနှိုင်း၍ စနစ်တကျရွေးချယ်ပြီး ဦးစီးကော်မတီသို့တင်ပြခြင်း၊

(၂) မိမိဒေသနှင့်ကိုက်ညီသော အိမ်ရာပုံစံများရေးဆွဲပြီး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ငှားရမ်းနေထိုင်လိုသူ ဝန်ထမ်းအင်အားစာရင်းအား ပြုစု၍ ဦးစီးကော်မတီသို့တင်ပြခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်လျှောက်ထားလာသူ ဝန်ထမ်းများအား စိစစ်ခွင့်ပြုပေးခြင်း၊

(၅) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသူဝန်ထမ်းများ သက်သာသောနှုန်းထားဖြင့် အိမ်ခန်းငှားရမ်းနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၆) ဆောက်လုပ်မည့်ဝန်ထမ်းအငှားအိမ်ရာများတွင် Infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီး သွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၇) အငှားအိမ်ရာများ အချိန်မီပြီးစီးရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး ကြပ်မတ်စစ်ဆေးခြင်း။

၂။ လုပ်ငန်းကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းရန်လိုအပ်ပါက ဦးစီးကော်မတီသို့တင်ပြဆောင်ရွက်သွားရန်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

## ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများ စိတ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရေရှည်အစီအစဉ်ဖြင့် အငှားအိမ်ရာများဆောက်လုပ်ပေးနိုင်ရန် **ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဃ) | အဖွဲ့ဝင်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | အဖွဲ့ဝင်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( ဋ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း | အဖွဲ့ဝင် |
| ( ဌ ) | ဥက္ကဋ္ဌ<br>မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

(ဃ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ပြည်သူ့အငှားအိမ်ရာများဆောက်လုပ်ရန် မြေနေရာ ရရှိရေးနှင့် မြေနေရာအားအတည်ပြုရွေးချယ်ရန်၊

(ခ) ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရန် သင့်လျော်သော လယ်ယာမြေများ၊ သစ်တောမြေများအားစိစစ်၍ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရန်၊

(ဂ) အငှားအိမ်ရာများဆောက်လုပ်ရန်အတွက် ငွေကြေးအရင်းအနှီးရရှိရေး ပေါင်းစပ်ညှိနှိုင်းစီစဉ် ဆောင်ရွက် ပေးရန်၊

(ဃ) ဆောက်လုပ်မည့်အိမ်ရာပုံစံများ၊ စီမံကိန်းပုံစံများ အတည်ပြုပေးရန်၊

(င) အိမ်ရာများတွင် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား အငှားချထားနိုင်ရေး မူဝါဒချမှတ်ပေးရန်၊

(စ) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး Infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စီးပွားရေးရာ ကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရန်ရှိသည့်ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားရန်၊

(ဆ) လိုအပ်သည့်လုပ်ငန်းကော်မတီများကို သက်ဆိုင်ရာဌာနများ ပါဝင်ဖွဲ့စည်းဆောင်ရွက်သွားရန်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ် များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်းစသည့် စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် **တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆပ်ကော်မတီများဖွဲ့စည်းပြီး စိစစ်ထားရှိမှုများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူသွားရန်၊

(ခ) စီမံကိန်းလုပ်ငန်းကြီးများအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီထံ သက်ဆိုင်ရာဝန်ကြီးဌာနက မူအားဖြင့် အတည်ပြုချက်ရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဆပ်ကော်မတီမှ စိစစ်အတည်ပြုပြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ ဆက်လက်တင်ပြသွားရန်၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူတည်ဆောက်မည့် အဆောက်အဦနှင့် ပတ်သက်သော ရုံး၊ ကျောင်း၊ လူနေအိမ်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ရိပ်သာများအား ရာထူးအဆင့်အတန်းအလိုက် ပုံစံ၊ ဒီဇိုင်းနှင့် သုံးစွဲမည့်ပစ္စည်းများအား တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ စိစစ်ပေးရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများ၏ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို လိုအပ်ပါက စိစစ်သုံးသပ်ရန်၊

(င) ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်သွားရန်၊

(စ) ဌာနဆိုင်ရာများမှ တည်ဆောက်ရေးလုပ်ငန်းများအား တည်ဆောက်ရာတွင် သုံးစွဲသည့်ပစ္စည်းနှင့် ဈေးနှုန်းများမှန်ကန်မှု ရှိ မရှိ၊ ပုံစံနှင့် ခန့်မှန်းခြေစာရင်းများ ကိုက်ညီမှု ရှိ မရှိ စိစစ်ရန်၊

(ဆ) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်း မဆောင်ရွက်မီအခြေအနေနှင့် ဆောင်ရွက်ပြီးပါက သတ်မှတ်ထားသော စီမံကိန်းပါအချက်အလက် များနှင့် ကိုက်ညီမှု ရှိ မရှိ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ဆပ်ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများက ကွင်းဆင်းစိစစ်ပေးရန်၊

(ဇ) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများအနေဖြင့် ဖွဲ့စည်းထားသော ဆပ်ကော်မတီများမှ မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စိစစ်ဆောင်ရွက်ပေးရန်၊

(ဈ) ဝန်ကြီးဌာနများမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ QA/QC သို့မဟုတ် ကန်ထရိုက်မှတ်ပုံတင်လက်မှတ်ရရှိထားသော QA/AC ကုမ္ပဏီများမှ လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်အလိုက် စစ်ဆေးမှုကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖွဲ့စည်းထားသော ဆပ်ကော်မတီများမှ စိစစ်ဆောင်ရွက်ရန်၊

(ည) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် မဟုတ်သည့် ဝန်ကြီးဌာနများ၏ တည်ဆောက်ရေး လုပ်ငန်းများကို တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာန ဆပ်ကော်မတီ များအား တာဝန်ပေးအပ်ဆောင်ရွက်ရန်၊

(ဋ) ကော်မတီသည် လိုအပ်သောလုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်သွားရန်၊

(ဌ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ညွှန်ကြားလာသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

( ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၂၀ ရက် )

**ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်းဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ စက်မှုဇုန်များအကြား ချိတ်ဆက်မှုကောင်းစေရန် ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ၊ Dry Ports များ၊ အခြေပြုမြို့သစ်များနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ (Logistic Routes) အဆင်ပြေချောမွေ့လာ စေရန်နှင့် နိုင်ငံ၏စီးပွားရေးစင်္ကြံလမ်းမကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရန်ကုန်မိုးပျံအမြန် လမ်းနှင့် ရန်ကုန်မြို့တော် အပြင်ပတ်လမ်း တည်ဆောက်ရန်အတွက် **ရန်ကုန်မိုးပျံအမြန်လမ်းနှင့် ရန်ကုန် မြို့တော်အပြင်ပတ်လမ်း စီမံကိန်းဦးဆောင်ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်နိုင်ရေး ဦးစားပေးမြှင့်တင်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ထည့်သွင်းခြင်းနှင့် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်ပေးခြင်း၊

(ခ) လျှပ်စစ်သုံးယာဉ်အသုံးပြုမှုမြှင့်တင်ရေးအတွက် အထူးအခွင့်အရေးများဖော်ဆောင်ခြင်း၊ ဘတ်ဂျက်နှင့်မသက်ဆိုင်သည့်အပိုင်းများနှင့် အခြားစီမံခန့်ခွဲရေးအပိုင်းမှ ပံ့ပိုးပေးနိုင်မည့် အစီအစဉ်များရေးဆွဲ၍ မူကြမ်းပြုစုခြင်း၊ ဦးဆောင်ကော်မတီသို့တင်ပြခြင်း၊

(ဂ) လျှပ်စစ်သုံးယာဉ်များ တွင်တွင်ကျယ်ကျယ် ပြေးဆွဲ/အသုံးပြုနိုင်ရေးနှင့် အများပြည်သူစိတ်ဝင်စားမှုရှိစေမည့် ထူးခြားသည့်မက်လုံးပေးမှုအစီအစဉ်များဖော်ထုတ်၍ ဦးဆောင်ကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) လျှပ်စစ်သုံးယာဉ်အသုံးပြုခြင်းကြောင့် လမ်းကြေး၊ တံတားကြေး၊ ယာဉ်ရပ်နားခများ စသည့် အခများ သက်သာစေမည့် ထူးခြားသည့်အစီအစဉ်များကိုဖော်ဆောင်၍ ဦးဆောင်ကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း။

၃။ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် ထုတ်ပြန်ထားသော လုပ်ငန်းကော်မတီများအနက် **လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ အထူးသက်သာခွင့်များ ညှိနှိုင်းကြီးကြပ်ရေး လုပ်ငန်းကော်မတီ** ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်အောင်စန်း
ဥက္ကဋ္ဌ
အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၂၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

## နိုင်ငံပိုင်သင်္ဘောအဖြစ် သိမ်းဆည်းခြင်း အမိန့်ကြော်ငြာစာ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် The Myanmar Registration of Ships Act ပုဒ်မ ၅-ဂ ပုဒ်မခွဲ (ဂ) နှင့်အညီ သင်္ဘောပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ခြင်း သို့မဟုတ် ဆုံးဖြတ်နိုင်ခြင်းမရှိသည့် အခြေအနေတွင် သင်္ဘောအား နိုင်ငံပိုင်ပစ္စည်းအဖြစ် သိမ်းဆည်းနိုင်ရန် The Myanmar Registration of Ships Act ပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ သင်္ဘောကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရပိုင်ပစ္စည်းအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်-

(က) သင်္ဘောအမည် - FRCL 6

(ခ) အလံတင်နိုင်ငံ - မသိ

(ဂ) IMO နံပါတ် - မရှိ

(ဃ) ဖမ်းဆီးသည့်နေရာ - ဖျာပုံမြို့၏ အရှေ့တောင်ဘက် ၂၆ မိုင်

(င) သင်္ဘောအမျိုးအစား - သဲ/ နုန်းတင်ရေယာဉ်

(စ) ကိုယ်ထည်အရောင် - ဝမ်းဗိုက်နီညိုရောင်နှင့် အပြာရောင်ကိုယ်ထည်

(ဆ) အခြားအချက်အလက်များ - အလျား ၁၇၇ ပေ၊ အနံ ၃၈.၄ ပေ၊ ရေစူး ၉.၆ ပေ

၂။ မည်သူမဆို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ **ရက်ပေါင်း ၃၀** အတွင်း သင်္ဘောကို ပိုင်ဆိုင်ကြောင်း အောက်ဖော်ပြပါ ခိုင်လုံသောသက်သေခံအထောက်အထားများဖြင့် ဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်-

(က) ပိုင်ဆိုင်ကြောင်းအထောက်အထား (ဥပမာ- သင်္ဘောမှတ်ပုံတင်၊ အရောင်း/ အဝယ်စာချုပ်)၊

(ခ) လျှောက်ထားသူ၏ မှတ်ပုံတင်နှင့် ဆက်သွယ်ရန်အချက်အလက်။

၃။ အပိုဒ် ၂ နှင့်အညီ သတ်မှတ်ကာလအတွင်း တင်ပြလျှောက်ထားမှုမရှိပါက သင်္ဘောကိုနိုင်ငံပိုင်ပစ္စည်းအဖြစ် သိမ်းဆည်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

**စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure–SOP) ရေးဆွဲရေးနှင့် နည်းဥပဒေပြုစုရေးဆွဲရေးအလုပ်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသည် ယင်းဥပဒေပုဒ်မ ၂၃ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (Standard Operating Procedure–SOP) ရေးဆွဲရေးနှင့် နည်းဥပဒေပြုစုရေးဆွဲရေးအလုပ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (စ) | လက်ထောက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဒုတိယစစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဌာနကြီးမှူး<br>မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဌ) | အရာရှိကြီး (၁) ဦး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | အဖွဲ့ဝင် |
| (ဍ) | အရာရှိကြီး (၁) ဦး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) | အဖွဲ့ဝင် |
| (ဎ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အတွင်းရေးမှူး |
| (ဏ) | ဌာနမှူး<br>စည်းမျဉ်းနှင့် ဥပဒေပြုစုရေးဌာနမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

**ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) ဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။　ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) ဆိုင်ရာလုပ်ငန်းအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးသန့်ဇော်ဦး | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးစိုးခိုင် | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ဥမ္မာ | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်သီသီစိုး | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (င) | ဒေါ်မိမိလှိုင် | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဟိန်းကျော် | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးရဲနိုင်အောင် | ညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်လွင်လွင်ခိုင် | ညွှန်ကြားရေးမှူး<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( ဈ ) | ဦးမျိုးမင်းဇော် | ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးသန့်ဇင်ဝင်း | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဦးမျိုးမင်းသိန်း | ညွှန်ကြားရေးမှူး<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဦးမိုးကြည် | ညွှန်ကြားရေးမှူး<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒေါ်အိစိန်စိန်ကြွယ် | ညွှန်ကြားရေးမှူး<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း<br>ကြီးကြပ်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| ( ဎ ) | ဦးမျိုးဝင်းထွန်း | လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး၊ မူဝါဒနှင့်<br>ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | အတွင်းရေးမှူး |

၂။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဌာနအကြီးအကဲမှ ဆုံးဖြတ်ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ပြုစုတင်ပြဆောင်ရွက်ကြရန်၊

( ခ ) ပူးပေါင်းအဖွဲ့အစည်းများဖြစ်သည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာန၌ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများတွင် နည်းပညာ လုပ်ငန်းအဖွဲ့ (Technical Working Group–TWG) အဖွဲ့အား ဖွဲ့စည်းရန်၊

( ဂ ) အစည်းအဝေးတွင် ဆွေးနွေးချက်များ၊ ဆက်လက်အကောင်အထည်ဖော်ရမည့် ကိစ္စများကို အချိန်နှင့် တစ်ပြေးညီ ပြုစုတင်ပြ၍ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေးနှင့်စပ်လျဉ်း၍ အပြည့်အဝအကောင်အထည် ဖော်နိုင်ရေး မိမိတို့ဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်နိုင်ရေး သက်ဆိုင်ရာဌာနခွဲများနှင့်ပူးပေါင်း၍ သုံးသပ်ချက်အစီရင်ခံစာအား ပုံမှန် တင်ပြနိုင်ရေးဆောင်ရွက်ကြရန်၊

( င ) ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ခေတ်စနစ်နှင့်လျော်ညီပြီး အာဆီယံ/ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်တင်ပြကြရန်၊

( စ ) ထုတ်ပြန်ပြီးသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား Public သို့ ဖြန့်ဝေထားမှု ရှိ မရှိ နှင့် မရှိပါက အဆင့်ဆင့်တင်ပြဖြန့်ဝေနိုင်ရေး ဆောင်ရွက်ကြရန်၊

(ဆ) အသစ်ထုတ်ပြန်မည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ရည်ရွယ်ချက်အတိုင်း အောင်မြင်ပြီးမြောက်မှု ရှိ မရှိ လေ့လာဆန်းစစ်တင်ပြကြရန်၊

( ဇ ) လုပ်ငန်းအဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့ဝန်ကြီးဌာန/ ဦးစီးဌာနများအတွင်း GRP ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၁၇/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲ ၁၉၃၄ ရဲဗိုလ်ချုပ် အောင်နိုင်သူ အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှ ဒီဇင်ဘာလ ၂၃ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၁၉၃၄ ရဲဗိုလ်ချုပ် အောင်နိုင်သူ အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၄-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၄-၄-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၁၈/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တွဲဖက်ထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ဌာနမှူး ရဲ ၂၄၀၁ ရဲမှူးကြီး သိန်းလွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၁-၈-၂၀၂၅ ရက်နေ့မှ ၁၀-၁၂-၂၀၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၁၁-၁၂-၂၀၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၂၇/၂၀၂၅)

အကျဉ်းဦးစီးဌာန၊ မြောင်းမြအကျဉ်းထောင်မှ က ၃၅၁၅ ဒုတိယကြီးကြပ်ရေးမှူး ဦးတင့်ဆွေ အား မူလရာထူးအဆင့်ဖြစ်သော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃၁/၂၀၂၅)

၁။ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) မှ ကျောင်းအုပ်ကြီး မ ၀၄၆၂ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ မ ၀၄၆၂ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၃၁-၁၂-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၃၀-၄-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၃၂/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အုပ်ချုပ်ရေးမှူး/ညွှန်ကြားရေးမှူး (၆) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန် ချထားလိုက်သည်–

(၁) ဦးကောင်းမြတ်နိုင် (ပ/ ၇၁၅၄) ကျောက်ဆည်ခရိုင် — ဧရာဝတီတိုင်းဒေသကြီး

(၂) ဦးသက်နိုင် (ပ/ ၃၉၁၅) ချီဖွေခရိုင် — နမ့်စန်ခရိုင်

(၃) ဦးတင်ကျော်ဝင်း (ပ/ ၅၀၃၁) နမ့်စန်ခရိုင် — ပဲခူးတိုင်းဒေသကြီး

(၄) ဦးဇော်ဟိန်းအောင် (ပ/ ၉၂၀၄) မိုင်းလားခရိုင် (ဝန်ကြီးရုံးတွဲဖက်) — ကျောက်ဆည်ခရိုင်

(၅) ဦးစန်းမင်း (ပ/ ၅၄၂၃) ရေးခရိုင် — မူဆယ်ခရိုင်

(၆) ဦးအောင်သီဟ (ပ/ ၅၄၀၆) သံတောင်ကြီးခရိုင် — မိုင်းလားခရိုင်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၃၃/၂၀၂၅)**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့ကာ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများ၌ တာဝန်ချထားလိုက်သည်–

(၁) (ပ/ ၅၄၀၃) ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းဆက် — ကချင်ပြည်နယ်

(၂) (ပ/ ၄၉၈၃) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုကို — ရခိုင်ပြည်နယ် (ဝန်ကြီးရုံးတွဲဖက်)

**အမိန့်ကြော်ငြာစာ (၈၃၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၅.OSS/ကတ္တလူကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၄၃၀) ရှိ မြေဧရိယာ ၂.၂၆ ဧကနှင့် ဦးပိုင်အမှတ် (၄၃၁/၂) ရှိ မြေဧရိယာ ၄၂.၅၄ ဧက **စုစုပေါင်းမြေဧရိယာ ၄၄.၈၀ ဧက** အား **ပုစွန်မွေးမြူရေးလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **၅,၃၇၆,၀၀၀/–** နှုန်းဖြင့် ဦးကျော်စည်သူ [၁၂/ လမတ (နိုင်) ၀၃၅၂၃၃] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့၌ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/ ၂၀၂၅) ဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသိန်းဌွေး အား သက်ပြည့်ပင်စင် ခံစားခွင့်ပြုရန်အတွက် လုပ်သက် (၃၀) နှစ်ပြည့်ရန် လိုအပ်သော ချို့တဲ့ကာလ ၂၈ ရက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၄၄၊ နည်းဥပဒေခွဲ (ခ) အရ ပင်စင်အကျိုးငှာ ဖြည့်စွက်ရေတွက်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၂၅)**

၁။ ၂-၉-၂၀၂၅ ရက်နေ့၌ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/ ၂၀၂၅) ဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသိန်းဌွေး ၏ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၁၇-၉-၂၀၂၅ ရက်နေ့မှ ၁၆-၁-၂၀၂၆ ရက်နေ့ထိ) ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှ မေလ ၁၆ ရက်နေ့ ညနေပိုင်းထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်ပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် လွှဲပြောင်းပေးထားသော ကာကွယ်ရေးဝန်ကြီးဌာနမှ

တပ်မတော်ဆေးအဆင့်နိမ့်အီးအေ (၂) ကြည်း ၇၄၆၁၂ ဗိုလ်ကြီး နေမျိုးထွန်း အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

**တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း**

၂၀၂၅ ခုနှစ် မေလထုတ် စာရေးသူ **ဂမ္ဘီရစိန္တာမယ ဆရာနန်းအောင်လှိုင်** ရေးသားသည့် **ကဝေကိုးမှော် စူဠဂန္ဓာရီပညာကျမ်း** စာအုပ်ကို ပုံနှိပ်သူ ဦးအေးသောင်း (အောင်ပညာမြင့်ပုံနှိပ်တိုက်-၀၁၅၀၈) တွင် ပုံနှိပ်ခဲ့ပြီး ထုတ်ဝေသူ ဦးအောင်စိုး (တစ်ထိပ်တန်းစာပေ-၀၀၁၃၈) မှ ထုတ်ဝေသော ယင်းစာအုပ်ပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ ''တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့်အကြောင်းအရာများကို ဖော်ပြခြင်း" စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အဆိုပါထုတ်ဝေစာများအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစောဆွေ **အစား** ညွှန်ကြားရေးမှူး ဦးအောင်ကို ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

**ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း **အစား** ရဲမှူးကြီး ကျော်ထွန်း ဖြင့်

လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကိုကိုအောင် **အစား** ညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦး ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

### ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေးလုပ်ငန်း ကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁၂၂၉)/ ၁၄/ ကောင်စီရုံး ခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်လမ်းပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အား နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ ခရီးစဉ်လမ်းညွှန်မှာကြားချက်နှင့်အညီ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းခြင်း၊ ပြတိုက် ပစ္စည်းများအား သုတေသနပြုလုပ်ထိန်းသိမ်းခြင်းနှင့် ခင်းကျင်းပြသခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေးလုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ခ ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ဂ ) ဒုတိယမြို့တော်ဝန် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဃ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( င ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( စ ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဗိသုကာကောင်စီ

( ဇ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားစာကြည့်တိုက် (ရန်ကုန်)
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
အမျိုးသားပြတိုက် (ရန်ကုန်)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

၂။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းမူလလက်ရာများအတိုင်းဖြစ်စေရေးအတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်၊

(ခ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အတွင်းရှိ ဓာတ်ပုံများအား နည်းပညာအသုံးပြု၍ ယခုထက်ပိုမိုကြည်လင်ပြတ်သားသည့် ပုံများဖြစ်စေရေး ဆောင်ရွက်ရန်၊

(ဂ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အဆောက်အဦ၏ အတွင်း/ အပြင်အား ဆေးအထပ်ထပ်သုတ်ထားသဖြင့် ထူပိန်းနေသည့်ဆေးလွှာများကိုဖယ်ရှား၍ မူလနံရံ/ မျက်နှာကြက်များပေါ်အောင် ပြုပြင်ဆောင်ရွက်ရန်၊

(ဃ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ အဆောက်အဦ၏ နံရံများ၊ ဗီရိုများရှိ သံချက်ရာများမပေါ်အောင် ဖာထေးခြင်း၊ ရေချိုးခန်းများ၊ ဧည့်ခန်းရှိ မီးစလောင်းများ၊ မီးခလုတ်များအား မူလပုံစံအတိုင်း ပြန်လည်အစားထိုးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) တွင် ပြတိုက်သမိုင်းဖော်ပြရာ၌ စာလုံးအရွယ်အစားများကို ညီညာအောင် ပြန်လည်ပြင်ဆင်ရေးသားရန်၊

(စ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)တွင် ပြသထားသော ဓာတ်ပုံများသည် နှစ်ကာလကြာမြင့်၍ "ဝါး"နေသည်ကို ကြည်လင်ပြတ်သားစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ AI ကဲ့သို့သော နည်းပညာဖြင့် ပြန်လည်ပြုပြင်နိုင်ရေးဆောင်ရွက်ရန်၊

(ဆ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ၏ အဆောက်အဦ အတွင်း/ အပြင်သာမက ပြတိုက်ပရဝဏ်အပြင်ဘက်ရှိ သစ်ပင်ကြီးများကို အလင်းဖွင့်ပြီး သန့်ရှင်းသပ်ရပ်၍ ဥပဓိရုပ်ကောင်းစေရေး ဆောင်ရွက်ရန်၊

(ဇ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းများနှင့် အဆောက်အဦများကိုလည်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရန်၊

(ဈ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့် မော်တော်ယာဉ်အား ကျွမ်းကျင်သူများနှင့်ပြသ၍ စက်နှိုးမောင်းနှင်နိုင်ရေးဆောင်ရွက်ရန်၊

(ည) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) တွင် ပြသထားသည့် ဗိုလ်ချုပ်အဝတ်အစားများ၊ ပိုးပုဆိုးများကို မန္တလေးမှန်နန်းဆောင်ပြတိုက်ရှိ အဝတ်အစားများ ထိန်းသိမ်းသကဲ့သို့ သန့်စင်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်၊

(ဋ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ ဗိုလ်ချုပ်ဆီလီကွန်ရုပ်တု၏ ခြေချောင်းအချို့သည် ဆေးကွာနေပါသဖြင့် ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်ရန်၊

(ဌ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟန်ကျိုးမြို့ ပိုးထည်စက်ရုံတစ်ခုမှ ရက်လုပ်သော ဗိုလ်ချုပ်အောင်ဆန်းပုံတူရက်ကန်းပန်းချီအား ရက်လုပ်ခဲ့သည့်ခုနှစ်နှင့် လက်ခံရရှိသည့်ခုနှစ်၊ ရက်စွဲတို့ကို စုံစမ်းတင်ပြရန်၊

(ဍ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အဝင် မြေထိန်းနံရံပျက်စီးမှုနှင့် ပလာစတာကွာကျမှုများကို ပြုပြင်၍ ဘဲစားမြက်အား ပြန်လည်စိုက်ပျိုးရန်၊

(ဎ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) တွင် ဗိုလ်ချုပ်၏ Long Coat အင်္ကျီကို ပြထားသည့် မှန်ဗီရို မီးပေးပုံသည် မှားနေသဖြင့် ပြင်ဆင်နိုင်ရေးဆောင်ရွက်ရန်၊

(ဏ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ဝင်းအတွင်း မြက်ခင်းပြင်၌ စိုက်ထူပြသထားသည့် Board (၇) ချပ်အား အလင်းရောင်နှင့် မိုးရေဒဏ်ခံနိုင်စေရေး အမိုးပြုလုပ်ပေးရန်၊

(တ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) တွင် ဗိုလ်ချုပ်စိုက်ပျိုးခဲ့သည့် စိုက်ခင်း၏ အုတ်စီအင်္ဂတေဘောင်များအား ပြန်ဖျက်၍ မြေသားဘောင်ဖြင့်သာ ပြုပြင်ဆောင်ရွက်ရန်၊

(ထ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) သို့ လာရောက်လေ့လာသူများကို စနစ်တကျစာရင်းသွင်းထားပြီး ထူးခြားသည့်ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့် ဂဏန်း ကျရောက်သူအား သင့်လျော်သည့် လက်ဆောင်ပစ္စည်းများပေးခြင်းမျိုးကို ဆောင်ရွက်ရန်၊

(ဒ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ အတက်/ အဆင်း ပင်မလှေကားအား ဆေးသုတ်ထားခြင်းကို ကြေးချွတ်၍ ကျွန်းပေါလစ်အရောင်ဖြင့်သာ ထားရှိရန်နှင့် အဆောက်အအုံပေါ်သို့ ကျရောက်နေသည့် သစ်ပင်/ သစ်ကိုင်းများကို ရှင်းလင်းရန်၊

(ဓ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) တွင် ပြသထားသည့်ပစ္စည်းများကို မူလရှေးဟောင်းလက်ရာ မပျောက်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(န) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ စာကြည့်ခန်းတွင် ဗိုလ်ချုပ်ဖတ်သည့်စာအုပ်များသာ ထားရှိရန်နှင့် ဗိုလ်ချုပ်အကြောင်းရေးသားထားသည့်စာအုပ်များ မထားရန်၊

(ပ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ တံခါးများတွင် ဖို/မ မစုံသောပတ္တာများကို စုံလင်အောင် တပ်ဆင်ပေးရန်နှင့် နံရံ၊ မျက်နှာကြက်များကို ကြေးချွတ်သန့်ရှင်းရေးပြုလုပ်၍ အရောင်ညီညာအောင် အရောင်တင်ဆေးသုတ်ပေးရန်၊

(ဖ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ဝင်းအတွင်းရှိ ရေကန်အား မူလရေကန်ပုံစံအတိုင်း ပြင်ဆင်နိုင်ရေးဆောင်ရွက်ရန်နှင့် ပြတိုက်အဆောက်အဦ၏ ဝရန်တာ၊ လျှာထိုးကြမ်းခင်း၊ အိမ်သာ/ရေချိုးခန်းတို့အား ပြုပြင်ပေးရန်၊

(ဗ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) အား ပွင့်လင်းရာသီရောက်ပါက အကြီးစားပြုပြင်သွားရန်၊

(ဘ) ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှိ ဗိုလ်ချုပ်၏ မိန့်ခွန်း ကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရေးနှင့် ကြည်လင်ပြတ်သားမှုရှိစေရေးအတွက် အဖြူပေါ် အမည်းစာလုံးဖြင့် ပြန်လည်ဆောင်ရွက်ပြသထားရန်။

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၈၉/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူကုန်ကူးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းခိုင် အား ပြန်လည်ထူထောင်ရေးဦးစီးဌာနရှိ လစာနှုန်း

(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၅ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ် ဦးကျော်ထွေး အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

၁-၈-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၁၈-၈-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် လွှဲပြောင်းပေးသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၅၆၉) ခြေမြန်တပ်ရင်းမှ ကြည်း ၇၄၄၇၀ ဗိုလ်ကြီး ကိုကိုဝင်း အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနသို့ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၄-၉-၂၀၂၅ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ

### ရုံးအမိန့်အမှတ် (၂၃၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၄/၂၀၂၂ ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင်၊ ဦးဇေယျာလင်း ၏ ကိုယ်ရေးအရာရှိ ရာထူးနေရာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တွဲဖက်တာဝန်ချထားသည့် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) ဦးကျော်ဇေယျ (ပ/၈၂၂၆)၊ [နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၅/မရန(နိုင်) ၂၇၅၁၃၇] အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ အမှန်တကယ်အလုပ်ဝင်ရောက်သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ အမြင့်ဆုံးလစာနှုန်း (၂၉၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

သန်းထွန်းဦး
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အမှတ် ၁၇၉/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၉/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | | |
|---|---|---|---|
| (၁) | ဝင်းနိုင် | ကြည်း | ၈၁၄၈၉ |
| (၂) | အောင်သိန်း | ကြည်း | ၈၁၄၉၀ |
| (၃) | အောင်လွင် | ကြည်း | ၈၁၄၉၁ |
| (၄) | ဇော်လင်း | ကြည်း | ၈၁၄၉၂ |
| (၅) | နေဦး | ကြည်း | ၈၁၄၉၃ |
| (၆) | သိန်းမြင့် | ကြည်း | ၈၁၄၉၄ |
| (၇) | တင်ဇော်သိန်း | ကြည်း | ၈၁၄၉၅ |

အမှတ် ၁၈၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

ဝဏ္ဏ ကြည်း ၈၁၄၉၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကန်ပေါက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၀၈၀-က၊ တောင်နောက်အနောက်)၊ ဦးပိုင်အမှတ် (၄၅)၊ မြေကွက်အမှတ် (၆၃၊ ၆၄) ရှိ **မြေဧရိယာ ၁.၄၈ ဧက** အား **သာသနာ့အောင်မြေကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၅)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့်အမည် (၁၈ᵏ/သပြေစမ်းရပ်)၊ မြေကွက်အမှတ် (B-16)၊ **မြေဧရိယာ ၃၀.၂၃၂ ဧက** အား **ပွင့်** စေတီတော်၏ ဝတ္တကမြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၂/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၇၂/ အင်းကြီးအနော့ကွင်း)၊ ဦးပိုင်အမှတ် (၁၀၂/ ၂) ရှိ မြေဧရိယာ ၀.၂၅ ဧက၊ ဦးပိုင်အမှတ် (၁၀၂/ ၃) ရှိ မြေဧရိယာ ၀.၄၈ ဧက၊ ဦးပိုင်အမှတ် (၂၄၉) ရှိ မြေဧရိယာ ၀.၁၁ ဧက၊ ဦးပိုင်အမှတ် (၂၅၀) ရှိ မြေဧရိယာ ၀.၁၁ ဧက **စုစုပေါင်းမြေဧရိယာ ၀.၉၅ ဧက** အား **သရက်ပင်တောင်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကြာအင်းအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၉၇၉/တောကန့်လန့်ကွင်း)၊ မြေကွက်အမှတ် ( ၂၊ ၃/၈၁ ၊ ၁၉/၈၂ ၊ ၂၀/၉၀ ၊ ၂၁/၈၃ ၊ ၂၂၊ ၂၃၊ ၂၄ ၊ ၆၃/၈၉ ၊ ၆၄/၉၁ ၊ ၆၅/၉၂ ) ရှိ **မြေဧရိယာ ၂၄၇.၉၃ ဧက** အား **စစ်မှုထမ်းဟောင်းသင်တန်းကျောင်း (ရန်ကုန်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၉,၇၅၁,၆၀၀/- နှုန်းဖြင့် **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်** သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## ညွှန်ကြားချက်အမှတ် (၁၀၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

**ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်အရာရှိက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်နှင့် အသိပေးကြေညာချက်များကို အလေးထားလိုက်နာရန်ကိစ္စ**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၃၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ပုဒ်မ ၄၆၂၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ကုမ္ပဏီ၊ အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားများနှင့်ပုံစံများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ စည်းမျဉ်းနှင့် မှတ်ပုံတင်အရာရှိမှ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာကြရန် တာဝန်ရှိပါသည်။

၃။ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၉၇ အရ ဖွဲ့စည်းတည်ထောင်ပြီး (၂) လအတွင်း တင်ပြရမည့် **နှစ်စဉ်အစီရင်ခံစာတင်ပြချိန်၌ အောက်ပါအထောက်အထားများကို မှတ်ပုံတင်အရာရှိထံ e-mail ဖြင့် ပေးပို့ရမည်ဖြစ်သည်-**

(က) ကုမ္ပဏီအမည်ဖြင့် ဖွင့်လှစ်ထားသော ဘဏ်စာရင်းအထောက်အထား၊

(ခ) ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းလိပ်စာသည် မြေပြင်တွင်အမှန်တကယ် တည်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊

(ဂ) ဒါရိုက်တာများသည် တင်ပြမှတ်ပုံတင်ထားသောလိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ နိုင်ငံခြားသားဖြစ်ပါက ၁၉၄၈ ခုနှစ် နိုင်ငံခြားသားများမှတ်ပုံတင်ရေး နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားသော အထောက်အထားများ၊

(ဃ) ကုမ္ပဏီတွင် ပါဝင်သူများသည် လူပုဂ္ဂိုလ်ဖြစ်ပါက တင်ပြမှတ်ပုံတင်ထားသော လိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ဥပဒေရေးရာပုဂ္ဂိုလ်/ တရားဝင်အဖွဲ့အစည်း (Legal Person) ဖြစ်ပါက သက်ဆိုင်ရာအထောက်အထားများ။

၄။ ကုမ္ပဏီတွင်ပါဝင်သူများသည် **အစုရှယ်ယာလွှဲပြောင်းသည့်အခါ** အောက်ဖော်ပြပါ အထောက်အထားများကို ကြော်ငြာထားသည့် e-mail လိပ်စာများသို့ ပေးပို့ရမည်ဖြစ်သည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၈၃ အရ အစုရှယ်ယာလွှဲပြောင်းခြင်းအပေါ် ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက်၊

(ခ) လွှဲပြောင်းသူနှင့် လွှဲပြောင်းလက်ခံသူတို့ လက်မှတ်ရေးထိုးထားပြီး ကျသင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားသော အထောက်အထားပါရှိသည့် သဘောတူစာချုပ် မိတ္တူများ။

၅။ **ကုမ္ပဏီဒါရိုက်တာပြောင်းလဲသည့်အခါ** အောက်ဖော်ပြပါ အထောက်အထားများကို နိုင်ငံသားစိစစ်ရေးကတ်/ နိုင်ငံကူးလက်မှတ်မိတ္တူတို့နှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၇၃ အရ ကျင်းပပြုလုပ်သည့် အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်၊

(ခ) ဒါရိုက်တာခန့်အပ်ခြင်း/ နုတ်ထွက်ခြင်းအတွက် ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊ ရာထူးမှရပ်နားခြင်းဖြစ်ပါက ပုဒ်မ ၁၇၈ အရ အကျိုးအကြောင်းဖော်ပြချက်။

၆။ မှတ်ပုံတင်အရာရှိအနေဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ ဥပဒေလိုက်နာမှု အခြေအနေကို ပိုမိုအလေးထား စိစစ်သွားမည်ဖြစ်ပါ၍ မိမိတို့လုပ်ငန်းဆောင်ရွက်မှုအတွက် အမှန်တကယ်လိုအပ်ပြီး **အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ သီးခြားလိုက်နာကြရမည့်ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာနိုင်မှသာ** လျှင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်သင့်ပါသည်။

၇။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန် မှတ်ပုံတင်ပေးခြင်းသာဖြစ်ပြီး ယင်း **ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာကြရန်**၊ ပျက်ကွက်မှုတစ်စုံတစ်ရာကြောင့် သက်ဆိုင်ရာဌာနများ၏ အရေးယူခြင်းခံရပါက မှတ်ပုံတင်အရာရှိမှလည်း လိုအပ်သောအရေးယူဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၈။ **ကုမ္ပဏီများ၊ ကုမ္ပဏီအရာရှိများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လိုက်နာရန်ပျက်ကွက်ခြင်း၊ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းမျိုးရှိပါက အခြားသောကုမ္ပဏီတစ်ခုခုတွင် ပါဝင်မှုကိုကန့်သတ်ခြင်း** အပါအဝင်လိုအပ်သော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဆက်စပ်သော စိစစ်မှုများကိုလည်း ဆောင်ရွက်သွားပါမည်။

၉။ **ကုမ္ပဏီအသစ်ဖွဲ့စည်းရန်တင်ပြလာသည့်အခါ ဒါရိုက်တာအဖြစ် ဆောင်ရွက်မည့်ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ထားခြင်းရှိ မရှိ စိစစ်ပြီး အတည်ပြုလက်ခံပေးမည်** ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ပါ၍ ကုမ္ပဏီအသစ်ဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် ကုမ္ပဏီများမှ မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ရန်တင်ပြလာသော တင်ပြချက်များအတွက် မှတ်ပုံတင်အရာရှိမှ လိုအပ်သော အထောက်အထားများတောင်းခံခြင်းအပေါ်တွင် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

သန့်စင်လွင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## သစ်တောဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၅၈၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောသုတေသနဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးစိုးတင့်-၁ (FD 00058) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့်၂၀၂၆ခုနှစ်၊ဖေဖော်ဝါရီလ၂၅ရက်နေ့နံနက်ပိုင်းမှစ၍သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၅၈၇/၂၀၂၅)

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စစ်ဆေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးထန်ရှင်းမုန် (FD 00123) အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သောင်းနိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE OF FINAL MEETING

In the matter of the Myanmar Companies Law and

**BAICELLS TECHNOLOGY LIMITED**

[Notice under Section 211 (A) under the Insolvency Law]

(In Voluntary Liquidation)

Notice is hereby given that the Final General Meeting of the Contributories under Section 211 (A) will be held at Room No–505, Building – 225/227, Bo Aung Kyaw Road, Fifth Floor, Olympic Tower, Kyauktada Township, Yangon Region, Myanmar on 17th November 2025 at 10:00 am. for the purpose of laying before it an account of the winding–up.

U Papo Ganesan
B.A (English), R.L
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd.
Liquidator

Building No.C1, Room No. 005, Ground Floor, Hninnsi Street, Yuzana Highway complex, Kamayut Township, Yangon, Myanmar.

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကြေညာစာ

**Absolute Metal Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်တွင် အမှတ်-၉၃၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဒေါ်ခင်စောယု

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကြေညာစာ

**အိတ်ဇင်းမြန်မာ ကုမ္ပဏီလီမိတက်**

**Exim Myanmar Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်တွင် အမှတ် (၁၈၆)၊ အခန်းအမှတ် (၄၀၂)၊ နဝရတ်စင်တာ၊ (၅၂) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဦးစိုးဝင်း

B.Com (A.A), CPA (RA). (PA–504)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

တိုက်အမှတ် (၆၆/၇၂)၊ အခန်း (၂၀၄/ဘီ)၊ ထီးတန်းအိမ်ရာ၊

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပ၊ ထ၊ န – အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၂၀၀/ ၁၇–၁၀–၂၀၂၅။